တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၁

၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၅ တွင် ချမှတ်သော ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်စွဲပါ ပဲခူးတိုင်းတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအပေါ် တင်သွင်းသောအယူခံမှု

| | | |
|---|---|---|
| ၁။ ကိုဖိုးခိုင် (ခ) ကျော်ခိုင်ဝင်း | နှင့် | ဦးအောင်ကျော်ဦး |
| ၂။ မမိဖြူ (ခ) မခင်ခင်မော် | | |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်** |

အယူခံတရားလိုများအတွက် - ဦးမင်းစိန်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးဇမြင့်၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

ပဲခူးခရိုင်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၅ တွင် တရားလို ဦးအောင်ကျော်ဦးက တရားပြိုင်များဖြစ်သည့် ကိုဖိုးခိုင် (ခ) ကျော်ခိုင်ဝင်း ပါ - ၂ ဦးအပေါ် ဆန်ဖိုးကျန်ငွေကျပ် ၈၉၀၃၅၀၀ /- နှင့် နစ်နာကြေးငွေကျပ် ၁၅၀၀၀၀၀/- စုစုပေါင်း ငွေကျပ် ၁၀၄၀၃၅၀၀/- ရလိုကြောင်းစွဲဆိုရာ တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ခဲ့သည်။ ထိုစီရင်ချက်နှင့်ဒီကရီကို တရားပြိုင်များက ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၆ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၅ ဖြင့် တင်သွင်းလျှောက်ထားသော်လည်း အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုတင်သွင်းခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုသည် " ထိပ်တန်းကြယ်" အမည်ဖြင့် ဆန်ပွဲရုံဖွင့်ထားကြောင်း၊ (၁) တရားပြိုင် ကိုဖိုးခိုင် (ခ) ကျော်ခိုင်ဝင်းသည် တရားလို၏ယောက္ခမဒေါ်ခင်ရီ၏ တူဝမ်းကွဲတော်စပ်ပြီး (၂) တရားပြိုင် မမိဖြူ (ခ) မခင်ခင်မော်သည် (၁) တရားပြိုင်၏ဇနီးဖြစ်ကြောင်း၊ တရားပြိုင်များနှင့်ခင်မင်ရင်းနှီးသဖြင့် ၁၀-၄-၂၀၁၂ ရက်နေ့တွင် တရားပြိုင်များက တရားလိုထံမှ ဆန်အိတ်များကိုယူ၍ တစ်ဆင့်ရောင်းချလိုကြောင်း၊ ၁ လကြာလျှင် ဆန်အိတ်ဖိုးငွေကိုပေးချေမည်ပြောသဖြင့် လက်ခံခဲ့ကြောင်း၊ ၁၀-၄-၂၀၁၂ ရက်နေ့က ယူသည့်ဆန်အိတ်ဖိုးငွေ

များကို ပြန်ပေးခဲ့ကြောင်း၊ ၁၀-၁၁-၂၀၁၃ ရက်နေ့ယူသွားသည့်ဆန်ဖိုးတွင် ငွေကျပ် ၁၇၈၀၀၀/- ကျန်ရှိကြောင်း၊ ထိုသို့တရားပြိုင်များယူခဲ့သည် ဆန်အမျိုးအမည်၊ အိတ်အရေအတွက်၊ သင့်ငွေ စသည်တို့ကိုလည်း တရားပြိုင်တို့အား ဘောက်ချာဖွင့်ပေးပြီး မူရင်းကို တရားပြိုင်များသို့ ပေးသဖြင့် တရားလိုထံတွင် မင်ခံဘောက်ချာသာကျန်ရှိကြောင်း၊ တရားပြိုင်များသည် ဆန်အိတ်များကို တစ်လနှင့်တစ်လပိုမိုယူခဲ့သဖြင့် မေးရာတွင် ဟသ်ာကုန်းလမ်းမနေ ညီညီထွန်းဆိုသူမှ ဝိုင်းဝန်းရောင်းပေးသည်ဟုပြောကြောင်း၊ ၁၀-၁၁-၂၀၁၃ ရက်နေ့မှ ၁၀-၁၂-၂၀၁၃ ရက်နေ့ထိ ဆန်အိတ်ပေါင်း ၄၆၈ အိတ်၊ ကျသင့်ငွေကျပ် ၉၀၄၃၅၀၀/- ကို ပေးသွင်းခြင်းမရှိဘဲ ၁၃-၁၂-၂၀၁၃ ရက်နေ့တွင် တရားပြိုင်များအား ဆန်အိတ်အရေအတွက်၊ ကျသင့်ငွေတို့ကိုပြောရာ ၎င်းတို့က မှန်ကန်ကြောင်း၊ တွက်ချက်ခဲ့ပြီးကြောင်းနှင့် ၎င်းတို့၏ဆန်အိတ်များကို ဝိုင်းဝန်းရောင်းပေးသူမှာ ညီညီ (ခ) နေလင်းဦးဖြစ်ကြောင်း၊ ညီညီ (ခ) နေလင်းဦးမှာ ဆန်အိတ်ဖိုးမပေးဘဲ ထွက်ပြေး သွား၍ ရဲစခန်းတွင် အမှုဖွင့်ရန် လိုအပ်သည့် ဘောက်ချာမူရင်းများ တောင်းခံသဖြင့် တရားလို လက်ဝယ်ရှိစာရင်းနှင့် တိုက်ဆိုင်၍ ပေးလိုက်ကြောင်း၊ ၁၆-၁၂-၂၀၁၃ ရက်နေ့တွင် တရားပြိုင် များက ဆန်အိတ်ဖိုးငွေ များမဆပ်နိုင်၍ ၎င်းတို့ပိုင်နေအိမ်နှင့်မြေကို တန်ဖိုးသင့်၍ ပိုငွေပြန်အမ်း ရန် ဆန်အိတ်ဖိုးငွေ တစ်ဝက်ကျပ် ၄၅ သိန်းပေးထားမည်ဟု အမျိုးမျိုးပြောဆိုပြီး နောက်ပိုင်းတွင် ဆန်အိတ်ဖိုးငွေများ မပေးနိုင်တော့ကြောင်း၊ တိုင်ချင်ရာတိုင်ဟုပြောကြောင်း၊ တရားပြိုင်များ ရယူသွားခဲ့သော ဆန်အိတ် ၄၆၈ အိတ် တန်ဖိုးငွေကျပ် ၈၉၀၃၅၀၀/- နှင့် နစ်နာကြေးငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၁၀၄၀၃၅၀၀ /- ကို တရားပြိုင်များထံမှ ရထိုက်ကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားလိုထံမှ တရားပြိုင်များက ဆန်အကြွေးဝယ်ယူခဲ့ခြင်းမရှိကြောင်း၊ တရားလိုက (၁) တရားပြိုင်အား ဆန်ဖောက်သည်စပ်ပေးရန်ပြော၍ ညီညီ (ခ) နေလင်းဦးအား တရားလို၏ပွဲရုံသို့တစ်ကြိမ် ပို့ပေးခဲ့ဖူးကြောင်း၊ ညီညီ (ခ) နေလင်းဦးမှ တရားလို၏ပွဲရုံမှ ဆန်အိတ်ဖိုးများ မပေးဆပ်နိုင်၍ ထွက်ပြေးတိမ်းရှောင်နေသဖြင့် တရားပြိုင်တို့အား ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားပေးရန်နှင့် တိုင်းကြားမပေးပါက အချုပ်ထဲထည့်မည် ခြိမ်းခြောက်သဖြင့် တရားလိုရေးပေးသည့်အတိုင်း ရဲစခန်း၌ အမှုဖွင့်တိုင်ကြားပေးခဲ့ရကြောင်း၊ တရားလို၏ဆန်ပွဲရုံမှ ဆန်အကြွေးဝယ်ယူပြီး တစ်ဆင့်ပြန်ရောင်းသည့် အလုပ်ကို လုပ်ကိုင်ခဲ့ခြင်းမရှိ၍ တရားစွဲဆိုရန် အကြောင်းမရှိကြောင်း ချေပထားသည်။

မူလခရိုင်တရားရုံးက တရားပြိုင်များမှာ တရားလိုထံမှ ဆန်အိတ်များအား အကြွေးစနစ်ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းမှတစ်ဆင့် ညီညီ (ခ) နေလင်းဦးထံ ပြန်ရောင်းရာမှ ညီညီ (ခ) နေလင်းဦးထွက်ပြေးသဖြင့် အရေးယူရန်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်များသည် တရားလိုအား ဆန်အိတ်၄၆၈ အိတ်အတွက် ငွေကျပ် ၈၉၀၃၅၀၀/- ပေးရန်ကျန်ကြောင်းသုံးသပ်၍ တရားပြိုင်တို့မှ တရားလိုအား ဆန်အိတ် ၄၆၈ အိတ်ဖိုးအတွက် ငွေကျပ် ၈၉၀၃၅၀၀ /- နှင့် နစ်နာကြေးငွေကျပ် ၁၅၀၀၀၀၀/- စုစုပေါင်းငွေကျပ် ၁၀၄၀၃၅၀၀/- အား ပေးဆပ်စေရန် အနိုင် ဒီကရီချမှတ်ခဲ့သည်။

တိုင်းဒေသကြီးတရားလွှတ်တော်က သက်သေခံ (က) နှင့် (ခ) ဆန်ဝယ်စာရင်း စာအုပ်များနှင့် သက်သေခံ (ဆ) ဆန်ဖိုးကြွေးကျန်စာရင်းပါ ဖော်ပြချက်များသည် မမှန်ကြောင်း

တရားပြိုင်များက ထုချေတင်ပြနိုင်မှုမရှိကြောင်း၊ ခရိုင်တရားရုံးက ဆန်အိတ်ဖိုးငွေကျပ် ၈၉၀၃၅၀၀/- ကို တရားပြိုင်များက ပေးဆပ်ခြင်းမရှိသဖြင့် ၂ နှစ်ကျော်ခန့်ကြန့်ကြာရသဖြင့် နစ်နာကြေးငွေပေးစေသည်မှာ မှားယွင်းသည်မဆိုနိုင်ကြောင်း သုံးသပ်၍ ခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအား အတည်ပြုပြီး အယူခံမှုအား ပလပ်ခဲ့သည်။

အယူခံတရားလိုများ၏ တရားလွှတ်တော်ရှေ့နေက အယူခံတရားပြိုင်သည် အယူခံတရားလိုတို့အား ပဲခူးမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့ရာ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၁၇ အရ ဖြေရှင်းရပြီး ပုဒ်မ ၄၂၀ အရ စွဲချက်တင်ခံရသော်လည်း အမှုမှအပြီးအပြတ် လွတ်ခဲ့ကြောင်း၊ မူလတရားမကြီးမှုတွင်လည်း အယူခံတရားပြိုင်က အယူခံတရားလိုလင်မယား အပေါ် ဒုရဲအုပ်သောင်းမင်းထွန်းနှင့် ပူးပေါင်းအမှုဆင်ပြီး မမှန်မကန်စွပ်စွဲခြင်းဖြစ်ကြောင်း၊ ပဲခူးမြို့နယ်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၆၅၆ အား မူလတရားရုံးနှင့် ပထမအယူခံရုံး တို့က ရည်ဆောင်ကြည့်ရှုရန် ပျက်ကွက်ကြောင်း၊ ဦးကျော်ငြိမ်း (လိုပြ - ၃)၊ ကိုမင်းမင်း (လိုပြ - ၆) တို့မှာ မူလပြစ်မှုကြီးတွင် သက်သေအဖြစ်မပါဝင်ကြောင်း၊ အယူခံတရားပြိုင်၏ဇနီးမဇင်ဇင်လတ် (လိုပြ - ၁) ကလည်း အချက်အလက်သစ်ကို ထွက်ဆိုကြောင်း၊ အယူခံတရားပြိုင်က အယူခံတရားလို လင်မယားအား ဖုန်းဆက်ခေါ်ယူ၍ ၎င်းတို့အား အချုပ်ထဲထည့်မယ် ခြိမ်းခြောက်ကာ ညီညီ (ခ) နေလင်းဦးအား ရဲစခန်းတွင် တိုင်စေခဲ့ကြောင်း၊ ဒုရဲအုပ်သောင်းမင်းထွန်းသည် ယုံကြည်ထိုက်သော သက်သေတစ်ဦးမဟုတ်ကြောင်း၊ ရဲစခန်းတွင် တိုင်ကြားသည့် သက်သေခံ (၃) ဆန်ဝယ်ငွေလက်ငင်းဘောက်ချာဖြတ်ပိုင်းမူရင်း ၃ စောင်မှာ တရားလိုက ပြန်ရေးပေးလိုက်သည့် အတုများသာဖြစ်ကြောင်း၊ ရဲစခန်းတိုင်ချက်တွင် အယူခံတရားပြိုင်ကိုယ်တိုင်သက်သေပါရှိနေ ခြင်းမှာ ၎င်းတိုင်ခိုင်း၍ တိုင်ခဲ့ရခြင်းဖြစ်ကြောင်း ပေါ်လွင်နေကြောင်း၊ တရားပြိုင်ပြသက်သေ များ၏ ထွက်ဆိုချက်များကို ထည့်သွင်းသုံးသပ်ရန် ပျက်ကွက်ကြောင်း၊ သက်သေခံ (င) ငွေစာရင်းစာအုပ်ရေးသားချက်တစ်ခုတည်းဖြင့် ဒီကရီချမှတ်မပေးနိုင်ကြောင်း၊ သက်သေခံ (ဆ) ဆန်ဖိုးကြွေးကျန်စာရင်းမှာလည်း နှစ်ဦးနှစ်ဖက်သဘောတူ စာရင်းရှင်းလင်းအတည်ပြု လက်မှတ်ထိုးထားသည့် စာမှတ်စာတမ်းမဟုတ်ကြောင်း၊ တရားပြိုင်များသည် တရားလိုထံမှ ဆန်များကို အကြွေးစနစ်ဖြင့် ဝယ်ယူပြီး တရားလို၏ပွဲရုံမှ အလုပ်သမားကိုပင် တစ်ဆင့်ပြန်လည် ရောင်းချကြောင်း စွပ်စွဲချက်မှာ သဘာဝယုတ္တိမရှိကြောင်း၊ သက်သေခံ (က) ဆန်ဝယ်သူစာရင်းပါ ဆန်ဝယ်သူအချို့အား သက်သေတင်ပြထားခြင်းမရှိကြောင်း၊ အဒေါ်နှင့်ပတ်သက်သဖြင့် တရားပြိုင် လင်မယားက ရဲစခန်းတွင် တိုင်ကြားပေးခဲ့မိခြင်းသာဖြစ်ကြောင်း အဓိကလျှောက်ထားသည်။

အယူခံတရားပြိုင်၏ တရားလွှတ်တော်ရှေ့နေက အယူခံတရားပြိုင်နှင့် ဒုရဲအုပ် သောင်းမင်းထွန်းတို့ ပူးပေါင်းအမှုဆင်သည့်အချက်ကို ချေလွှာတွင် လုံးဝချေပထားခြင်းမရှိ ကြောင်း၊ ပဲခူးမြို့နယ်တရားရုံး၏ ၂၀၁၄ ခုနှစ်၊ ပြစ်မှုကြီးမှုအမှတ် ၆၅၆ တွင် မိမိရယူလိုသော အမှုတွဲမှတ်တမ်းကို တာဝန်ခံမိတ္တူမှန်ကူး၍ ရုံးသို့မတင်ပြခြင်းသည် ၎င်း၏အခွင့်အရေးကို စွန့်လွှတ်ရာရောက်ကြောင်း၊ မူလခရိုင်တရားရုံးနှင့်ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တို့သည် အကြောင်းခြင်းရာအရ တူညီစွာကောက်ယူထားကြောင်း၊ ယခုအမှုတွင် မူလရုံးနှင့်အယူခံရုံးတို့က ခိုင်မာသော သက်သေခံချက်များအရ သုံးသပ်ဆုံးဖြတ်ထားကြောင်း၊ အယူခံတရားပြိုင်ဘက်မှ တင်သွင်းသော စာရွက်စာတမ်းများမှာ ဆန်အရောင်းအဝယ်ပြုလုပ်ရာတွင် စနစ်တကျထားရှိ

သော စာအုပ်များဖြစ်၍ သက်သေခံအက်ဥပဒေပုဒ်မ ၃၄ အရ သက်သေခံဝင်ကြောင်း၊ တရားပြိုင်ဇနီးမောင်နှံအား သက်သေခံဘောက်ချာစာအုပ်များပြသ၍ ၎င်းတို့ရယူသည့် ဆန်အိတ်အရေအတွက်၊ ကျသင့်ငွေတို့ကို ပြောကြားရာ ၎င်းတို့က မှန်ကန်သည်ဟု ဝန်ခံကြောင်းကို လိုပြသက်သေ ဒေါ်ဇင်ဇင်လတ်၊ ဒေါ်ခင်ရီတို့က ထောက်ခံထွက်ဆိုကြောင်း၊ စာရင်းစာအုပ်များအပြင် အခိုင်အမာ ထောက်ခံထွက်ဆိုချက်များရှိကြောင်း၊ သက်သေခံ (ခ) စာအုပ်မှာ ဖန်တီးထားသော စာအုပ် မဟုတ်ကြောင်း၊ တရားလိုထံ ဆန်အကြွေးဝယ်ယူသူအဖြစ် အကြွေးစာရင်းစာအုပ်တွင် ညီညီ (ခ) နေလင်းဦးအမည်မရှိကြောင်း၊ အလုပ်ထွက်သွားသော ညီညီ (ခ) နေလင်းဦးအား (၁) တရားပြိုင်က အပ်ပေး၍ တရားလိုပွဲရုံတွင် ဆန်ပွဲစားအဖြစ် လုပ်ကိုင်သည်ဆိုသည့်အချက်မှာ သဘာဝမကျကြောင်း၊ မမိဖြူ (ခ) မခင်ခင်မော်၏ ရဲစခန်းတိုင်ချက်တွင်လည်း ၎င်းသည်ထိပ်တန်းကြယ် ဆန်ပွဲရုံမှ ဆန်အိတ်များကို တစ်ဆင့်ဖောက်သည် ပြန်ရောင်းသူဖြစ်ပါသည်ဟု အတိအလင်း ပါရှိကြောင်း၊ မူလတရားရုံးနှင့် အယူခံရုံးတို့၏ အနိုင်ဒီကရီအား ဆက်လက်အတည်ပြုပေးရန် ချေပ လျှောက်ထားသည်။

မူလရုံးအမှုတွင် တရားလိုဦးအောင်ကျော်ဦးသည် ပဲခူးမြို့ နန်းတော်ရာရပ်ကွက်၊ ဆံတော်တွင်းလမ်းမတန်းတွင် “ ထိပ်တန်းကြယ် ” အမည်ဖြင့် ဆန်ပွဲရုံဖွင့်လှစ်ရောင်းဝယ် လုပ်ကိုင်သူဖြစ်သည်။ (၁) တရားပြိုင် ကိုဖိုးခိုင် (ခ) ကျော်ခိုင်ဝင်းသည် ဦးအောင်ကျော်ဦး၏ ယောက္ခမဒေါ်ခင်ရီနှင့် တူဝမ်းကွဲတော်စပ်ပြီး (၂) တရားပြိုင် မမိဖြူ (ခ) မခင်ခင်မော်သည် ကိုဖိုးခိုင် (ခ) ကျော်ခိုင်ဝင်း၏ဇနီးဖြစ်သည်။

၁၀-၄-၂၀၁၂ ရက်နေ့တွင် တရားပြိုင်များက တရားလို၏ပွဲရုံမှ ဆန်များကို တစ်လဆိုင်းစနစ်ဖြင့်ယူပြီး ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းပြီး ယောက္ခမဖြစ်သူ ဒေါ်ခင်ရီကလည်း ရောင်းချပေးရန်ပြောသဖြင့် ထိုနေ့မှပင် စတင်ရောင်းချပေးခဲ့ကြောင်း၊ ထိုသို့ ရောင်းချရာတွင် မူရင်းဘောက်ချာ၊ ဖိုးခိုင်အမည်နှင့်ဖုန်းနံပါတ်ရေးသားသည့် မှတ်စုစာအုပ်ဖြင့် နေ့စွဲ၊ ဆန်အမျိုးအမည်၊ အရေအတွက်၊ နှုန်းထား၊ သင့်ငွေများကို ရေးသွင်း၍ တရားပြိုင်များကို ပေးလိုက်ကြောင်း၊ မိမိထံတွင် လက်ခံဘောက်ချာစာအုပ်တို့တွင် ထိုအတိုင်းဖြည့်သွင်းရယူထား ကြောင်း၊ တစ်လမပြည့်ခင်ကြားတွင် ရက်ခြား၍ အကြွေးစနစ်ဖြင့် ဆန်များကိုယူခဲ့ရာ ၁၀-၁၁-၂၀၁၃ ရက်နေ့မှ ၁၀-၁၂-၂၀၁၃ ရက်နေ့အထိ ဆန်အိတ် ၄၆၈ အိတ်၊ ကျသင့်ငွေကျပ် ၉၀၄၃၅၀၀/- ဖြစ်ပြီး ၁၀-၁၁-၂၀၁၃ ရက်နေ့ ရယူသွားခဲ့သော ဆန်အိတ်ဖိုးအပေါ်တွင် ငွေကျပ် ၁၄၀၀၀၀၀/- ပေးသွင်းခဲ့သဖြင့် တရားပြိုင်များက ငွေကျပ် ၈၉၀၃၅၀၀/- ပေးသွင်းရန် ကျန်ကြောင်း တရားလို၏ထွက်ဆိုချက်အပေါ် ဇနီးမဇင်ဇင်လတ် (လိုပြ - ၁) နှင့် ဒေါ်ခင်ရီ (လိုပြ - ၂) တို့က ထောက်ခံထားပြီး စာရင်းမှတ်တမ်းအထောက်အထားများ တင်ပြခဲ့သည်။

တရားလိုမှ သက်သေခံအထောက်အထားအဖြစ် ဖိုးခိုင်အမည်၊ ဖုန်းနံပါတ်တို့ ရေးမှတ်ထားသည့် သက်သေခံ (က) (ခ) မှတ်စုနှင့် ဗလာစာအုပ်၊ ၎င်းစာရင်းများမှထုတ်နုတ် စာရင်းပြုစုထားသည့် သက်သေခံ (ဆ) ဆန်အကြွေးစာရင်းများအရ ဆန်အိတ်၄၆၈ အိတ်အတွက် ငွေကျပ် ၈၉၀၃၅၀၀/- ကို တရားပြိုင်တို့က ပေးသွင်းရန် ကျန်ရှိကြောင်း ပေါ်ပေါက်သည်။

ထို့ပြင် တရားလိုထံမှ ဆန်အကြွေးစနစ်ဖြင့် ဝယ်ယူသူ ကိုဖိုးနိုင်၊ ကိုမင်းမင်းတို့ကိုလည်း ကိုဖိုးခိုင် (ခ) ကျော်ခိုင်ဝင်းကဲ့သို့ ဘောက်ချာနှင့်စာရင်းစာအုပ်တို့ကို အမည်၊ ဖုန်းနံပါတ်တို့နှင့်တကွ ပေးအပ်ခဲ့ကြောင်း သက်သေခံ (ဂ) (ဃ) နှင့် အကြွေးစာရင်းစာအုပ် သက်သေခံ (င) တို့တင်ပြ၍ ကိုမင်းမင်း (လိုပြ - ၆) က ၎င်းမှတရားလိုထံ ဆန်အကြွေးဝယ်ယူရာတွင် တရားလိုတို့က ဘောက်ချာ၊ မှတ်စုစာအုပ်တို့ဖြင့် ရေးမှတ်ပေးခဲ့ကြောင်း၊ သက်သေခံ (ည) (ည - ၁) တို့တင်ပြ၍ ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

တရားပြိုင်များက တရားလို၏ဆန်ပွဲရုံမှ ဆန်များကို အကြွေးစနစ်ဖြင့် ဝယ်ယူရောင်းချဖူးခြင်းမရှိကြောင်း ငြင်းဆိုထားသည်။ တရားလို၏ဆန်ပွဲရုံတွင် အလုပ်လုပ်ခဲ့သူ ညီညီ (ခ) နေလင်းဦးက ဆန်ပွဲစားလုပ်လို၍ ၎င်းတို့က တရားလို၏ဆန်ပွဲရုံတွင်စပ်ပေးခဲ့ဖူးကြောင်း၊ ညီညီ (ခ) နေလင်းဦးမှ ဆန်ဖိုးများမပေးဆပ်နိုင်ဘဲ ထွက်ပြေးတိမ်းရှောင်သဖြင့် တရားလိုက ၎င်းတို့လင်မယားအား ခေါ်ယူခြိမ်းခြောက်၍ ရဲစခန်းတွင် ညီညီ (ခ) နေလင်းဦးအား တိုင်ကြားခိုင်းသဖြင့် တိုင်ကြားခဲ့ရကြောင်း သက်သေများတင်ပြချေပထားသည်။

ဦးကျော်ငြိမ်း (လိုပြ - ၃) က (၁) တရားပြိုင်နှင့်ညီအစ်ကိုဖြစ်သူ ဖိုးနိုင်ပြော၍ ဦးအောင်ကျော်ဦးပွဲရုံမှ ကိုဖိုးခိုင် (ခ) ကျော်ခိုင်ဝင်းတို့လင်မယားဆန်အကြွေးယူပြီး ဆန်ကယ်ရီတိုက်သူ ညီညီ (ခ) နေလင်းဦးအား တစ်ဆင့်ပြန်ရောင်းခိုင်းရာမှ ပြန်မပေးဘဲ ထွက်ပြေးသွားသည်ဟု သိရကြောင်း၊ တစ်ပတ်ခန့်အကြာတွင် ဖိုးခိုင်နှင့်ဖိုးနိုင်တို့ ၎င်းထံရောက်လာပြီး ညီညီ (ခ) နေလင်းဦးအား ရဲစခန်းတွင် အမှုဖွင့်ထားသဖြင့် ဖမ်းဆီးရန် ရဲစခန်းမှအသိရှိပါက ကူညီပေးရန်လာပြောကြောင်း ထွက်ဆိုထားသည်။

ထို့ပြင် ဦးတင်ဌေး (လိုပြ - ၄) ထံ ကိုဖိုးခိုင် (ခ) ကျော်ခိုင်ဝင်းရောက်လာပြီး ဦးအောင်ကျော်ဦးထံ ဆန်ဖိုးသိန်း ၈ဂ ကျော်ပေးရန်အတွက် မည်သို့ပေးဆပ်ရန် လာရောက်တိုင်ပင်ကြောင်း ထွက်ဆိုထားသည်များ တွေ့ရသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၃၄ အရ စနစ်တကျထားရှိသော စာရင်းအင်းများမှာ သာမန်အားဖြင့် မှန်ကန်သောစာရင်းများဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ သက်သေခံအဖြစ်သက်သေခံရန် ဥပဒေကခွင့်ပြုထားခြင်းဖြစ်ကြောင်း၊ သို့ရာတွင် စနစ်တကျထားရှိသောစာရင်းအင်းဖြင့် တစ်စုံတစ်ယောက်အား တာဝန်ရှိစေရန်အလို့ငှာ ထိုစာရင်းအား ထောက်ခံသည့်သက်သေခံအထောက်အထားရှိရန်လိုကြောင်း **မအေးကြည် ပါ - ၃ နှင့် နသားဆင်း အမှု**[၁] တွင် ပြဆိုသည်။

မူလရုံးတရားလိုက သက်သေခံတင်ပြခဲ့သော ကုန်အကြွေးစာရင်းမှတ်တမ်းများဖြင့် ရေးသွင်းပေးအပ်လေ့ရှိကြောင်း မိသားစုသက်သေအပြင် ဆန်အကြွေးယူသူ ကိုမင်းမင်းက ထောက်ခံထွက်ဆိုထားကြောင်း ပေါ်ပေါက်ပေသည်။ အဆိုပါစာရင်းဇယားများမမှန်ကန်ကြောင်း တရားပြိုင်များက တိတိပပငြင်းဆိုနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၄၀၂။

တရားလိုက တရားပြိုင်လင်မယားအပေါ် ဒုရဲအုပ်သောင်းမင်းထွန်းနှင့် ပူးပေါင်း၍ အမှုဆင်ထားခြင်းဖြစ်ကြောင်း အယူခံအကြောင်းပြချက်ဖြစ် တင်ပြထားသော်လည်း တရားလိုက အမှုစွဲဆိုရလောက်သည့် ရန်ငြိုးတစ်စုံတစ်ရာရှိကြောင်း မပေါ်ပေါက်သည့်အပြင် လိုပြသက်သေ မဇင်ဇင်လတ်၊ ဒေါ်ခင်ရီတို့အနေဖြင့်လည်း (၁) တရားပြိုင်နှင့်ဆွေမျိုးတော်စပ်ပြီး ကျန်သက်သေများမှာလည်း တရားပြိုင်များကို တမင်နစ်နာစေရန်မဟုတ်မမှန်ဘဲ စွပ်စွဲထွက်ဆိုရန်အကြောင်း ရှိကြောင်း တရားပြိုင်များက တင်ပြနိုင်ခြင်းမရှိခဲ့ပေ။

ထို့ပြင် (၂) တရားပြိုင်မမိဖြူ (ခ) မခင်ခင်မော်သည် ညီညီ (ခ) နေလင်းဦးထံမှ ဆန်ဖိုးငွေများမရရှိသဖြင့် ရဲစခန်းတွင် သက်သေခံ (ဈ) တိုင်စာဖြင့် တိုင်တန်းခဲ့ကြောင်း ထင်ရှားပြီး တရားလိုက ခြိမ်းခြောက်တိုင်ခိုင်းသဖြင့် တိုင်ရကြောင်းတင်ပြချက်မှာ အကြောင်းယုတ္တိမတန်ဟုသာ သုံးသပ်တွေ့ရှိရသည်။

နှစ်ဦးနှစ်ဖက်မှ တင်ပြသော သက်သေများသည် အပြိုင်အဆိုင်ဖြစ်နေကြလျှင် ဝန်ခံထားသောအချက်များနှင့် ဖြစ်ဟန်လက္ခဏာရှိသောအချက်များတို့ကို ထောက်ရှုပြီး မည်သည့်ဘက်က မှန်လိမ့်မည်ဟု ဆုံးဖြတ်သင့်ကြောင်း **မတင်တင် နှင့် ဒေါ်ကံရှိ အမှု**[၂] တွင် ညွှန်ပြထားသည်။

ယခုအမှုတွင် တရားလိုဘက်မှ တင်ပြသော စာမှတ်စာတမ်းစာရင်းများမှာ စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ထားသည့်စာရင်းအင်းများဖြစ်ကြောင်း ယုံကြည်လက်ခံရန် အကြောင်းရှိပြီး ထိုအချက်များအပေါ် ထောက်ခံသည့် သက်သေခံချက်များ ထင်ရှားခိုင်မာသဖြင့် တရားပြိုင်များသည် တရားလို၏ပွဲရုံမှ ဆန်အိတ်များကို အကြွေးဝယ်ယူခဲ့ကြောင်း၊ ဆန်အိတ် ၄၆၈ အိတ်အတွက် ငွေကျပ် ၈၉၀၃၅၀၀/- အား တရားပြိုင်များမှ တရားလိုထံပေးရန်ရှိကြောင်း၊ ထိုငွေများကို တရားပြိုင်များက မပေးဆပ်သဖြင့် နစ်နာကြေးငွေပေးစေသည့် မူလခရိုင်တရားရုံးနှင့် တိုင်းဒေသကြီးတရားလွှတ်တော်တို့က ကောက်ယူသုံးသပ်ချက်များမှာ မှားယွင်းသည်ဟု မဆိုနိုင်သဖြင့် ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန်အကြောင်းမမြင်ချေ။

ထို့ကြောင့် ဤအယူခံမှုအား စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ / - သတ်မှတ်သည်။

( သာဋ္ဌေး )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

---

၂။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၅၈၂။